သခင်စကား ၁-၂၆




# သခင့်မိတ်ဆွေ

ဗိုလ်ချုပ်ရေးမျာစာဆောင်

တရားဒေသနာများ၏ စကားကို နားထောင်
ကြလော့။ ယေရမိ ၂၉း၂၀

အမှတ်စဉ် [ ၂၆ ] | ဩဂုတ်လထုတ် | ၂၀၀၃ ခုနှစ် | မှေပါန [ ကရင် ပယာ တနင်္သာရီ ရေး တိုင်း ၁၀၀ မြို့ ချီသည် ]



ရောမ ၈း ၃၅ ။ ခရစ်တော်၏ ချစ်ခြင်းမေတ္တာနှင့် ငါတို့ကို အဘယ်သူ ကွာစေနိုင်သနည်း။

ဓမ္မဟောင်းကျမ်း တစ်ခုလုံးကို ဖတ်ကြည့်မယ်ဆိုရင် ဣသရေလ လူမျိုးတွေရဲ့ အကြောင်းကို လေ့လာသိရှိနိုင်ပါတယ်။ သူတို့ဟာ ဘုရားရှင်ရွေးချယ်ထားတဲ့ ထူးခြားတဲ့ လူမျိုးတော် တစ်စုဖြစ်ပြီး အရှုးကာလည်းကောင်းမှိုး ခံစားရတဲ့သူများ ဖြစ်ကြပါတယ်။ အဲဂုတ္တုပြည်မှာ ညှဉ်းပန်းနှိပ်စက်ခြင်းကို ပြင်းထန်စွာ ခံစားရတဲ့အခါ လွတ်မြောက်ဖို့အတွက် ဘုရားရှင် ကယ်ခဲ့တယ်။ သူတို့ကို တောထဲမှာ အနှစ်လေးဆယ်ပတ်လုံး ဘုရားရှင် ပို့ဆောင်ခဲ့ပါတယ်။ ရေ လိုတယ်ဆိုရင်လည်း ကျောက်တုံးထဲက ရေကိုထွက်စေပြီး ဘုရားသခင်က သောက်စေ ခဲ့ပါတယ်။ သူတို့ဝမ်း ဝအောင်လည်း ဘုရားသခင်က ကျွေးမွေး ခဲ့ပါတယ်။ အဲဒီအပြင် ပင်လယ်ကြီးကို နှစ်ခြမ်းခွဲပြီး ရန်သူတွေရဲ့ လက်က လွတ်မြောက်ဖို့ ဘုရားသခင်က ပြင်ဆင်ပေးခဲ့ ပြန်ပါသေးတယ်။ အဲဂုတ္တုပြည်ကနေ ဂတိထားတော်မူရာ ခါနန် ပြည်ကို ရောက်တဲ့အထိ ဘုရားသခင်ဟာ သူတို့နဲ့ အတူပါခဲ့ပြီး လမ်းပြပို့ဆောင်ပေးခဲ့ပါတယ်။ နေ့အချိန်နဲ့ ညအချိန်တွေမှာ ဘုရားသခင်ဟာ မိုးတိမ်တိုင်နဲ့ မီးတိုင်အားဖြင့် သူတို့ကို လမ်းပြခဲ့ပြန်ပါသေးတယ်။ ( ထွက်မြောက်ရာ ၁၃း၂၁ )

ဒါပေမဲ့ ဣသရေလလူမျိုးတွေဟာ ဘုရားသခင်ရဲ့ စကားတော်ကို နားမထောင်တဲ့အပြင် ဘုရားသခင်ရဲ့ မေတ္တာတော်နဲ့ ကရုဏာတော်ကို လျစ်လျူရှုခဲ့ကြပြန်ပါသေးတယ်။ ဘုရားသခင်ရဲ့ အမျက်တော်ကိုလဲ အကြိမ်ကြိမ် နှိုးဆော်ကြပြန်ပါသေးတယ်။ ဒါပေမဲ့ ဘုရားရှင် သူတို့အပေါ်ထားတဲ့ မေတ္တာဟာ လုံးဝ ခမ်းခြောက်သွားခြင်း မရှိခဲ့ပါဘူး။ သူတို့တွေက ဘုရားသခင်ကို ပြစ်မှားကြပေမဲ့ ဘုရားသခင်က သူ့ဆီပြန်လာဖို့ အမြဲ လက်ကမ်း ဖိတ်ခေါ်နေလျက်ပါ။ ဘာဖြစ်လို့လဲ ဆိုရင် ဘုရားသခင်ရဲ့ မေတ္တာတော်ဟာ အစမဲ့ အဆုံးမဲ့ဖြစ်ပြီး ထာဝရ တည်လို့ဘဲ ဖြစ်ပါတယ်။ ဟာလေလုယာ ...

ဒီ့အပြင် သခင်ယေရှု လောကကြီးကို လူ့ဇာတိခံယူပြီး နေထိုင် အသက်ရှင်ခဲ့တုံးက သက်တော်စဉ်တစ်ခုလုံးကို ပြန်ဖတ်ကြည့်မယ်ဆိုရင်လည်း လူတွေက သခင့်ကို ပုံစံအမျိုးမျိုးနဲ့ ဆက်ဆံခဲ့ကြပါတယ်။ သခင်ယေရှုဟာ အနာရောဂါတွေကို ကုသပေးတာတင်မက နတ်ဆိုးတွေကိုလည်း နှင်ထုတ်ပေးခဲ့ပါတယ်။ မျက်စိ ကန်းသူ၊ စကားအ ပြီး နားထိုင်းတဲ့သူ၊ လက်ခြေသေတဲ့ သူတွေ အားလုံးကိုလည်း အကောင်းပကတိဖြစ်အောင် ကုသပေးခဲ့ပြန်ပါတယ်။ သေနေတဲ့ သူတွေကိုပါ ရှင်စေခဲ့ပါတယ်။ ဒါတွေအားလုံးကို သူတို့မျက်စိနဲ့ ကိုယ်တိုင်သိမြင် ခံစားခဲ့တာ တောင်မှ နောက်ဆုံးတော့ ဒီလူတွေကဘဲ သခင်ယေရှုကို လက်ဝါးကပ်တိုင်ပေါ် တင်သတ်ခဲ့ကြပါတယ်။ အဲဒီလိုညှဉ်းဆဲ ခံရပေမဲ့ သခင်ယေရှုက သူ့ကို မတရား လုပ်ခဲ့သူတွေအပေါ် အပြစ်လွှတ်ဖို့ ခမည်းတော်ဘုရားဆီမှာ တောင်းလျှောက်ခဲ့ပါ တယ်။ (ရှုကာ ၂၃း၃၄) "အိုး အဘ သူတို့ အပြစ်ကို လွှတ်တော်မူပါ။ သူတို့သည် ကိုယ်ပြုသော အမှုကို မသိကြဟု မြွက်ဆိုတော်မူ၏ " တိုင်တော်ပေါ်မှာ ကျွန်မတို့ လူသားတွေရဲ့ အပြစ်အတွက် အသက်ပေးဆပ်ခဲ့တဲ့ သခင့်ယေရှုရဲ့ မေတ္တာတော်ဟာ အံ့သြ ချီးမွမ်းဘွယ်ရာဖြစ်ပါတယ်။ ဟာလေလုယာ...

## အံ့သြဘွယ်ရာသခင့်မေတ္တာ



ကျွန်မတို့ရဲ့ ယခု ခေတ်ကာလကြီးကိုကြည့်ပါ။ လူတွေရဲ့ လုပ်ရှားသက်ဝင်မှုတွေဟာ ဘုရားသခင်ရဲ့ အလိုတော်နဲ့ တော်တော်များများ ဆန့်ကျင်နေကြပါတယ်။ ဘုရားသခင်ဟာ သူဖန်ဆင်းထားတဲ့ သူ့ရဲ့ လက်ရာတွေဖြစ်တဲ့ ကျွန်မတို့ကို အင်မတန်မှ မြတ်နိုးပါတယ်။ ဒါပေမဲ့ ကျွန်မတို့ လူသားတွေက ဘုရားသခင် ဖန်ဆင်းထားတဲ့ ရုပ်ခန္ဓာကို စိတ်အလိုမကျဘဲ ပြောင်းပစ်ဖို့ကြိုးစားနေကြပါတယ်။ သတင်းစာတွေ မဂ္ဂဇင်းတွေကို ကြည့်မယ်ဆိုရင် တစ်ချို့လူတွေဟာ ခေတ်မှီတဲ့ ခွဲစိတ်ကုသမှုတွေနဲ့ မိမိတို့ရဲ့ ပုံသဏ္ဍာန်ကို ပြောင်းလဲပစ်ကြတဲ့အပြင်၊ လိင်ပြောင်းတဲ့ သူတွေကိုပါ တွေ့နေရပါတယ်။ စင်ကာပူ ရုပ်မြင်သံကြား ဌာန ချန်နယ် ၅ ( **Channel 5** ) က ထုတ်လွှင့်တဲ့ **Extreme makeover** အစီအစဉ်မှာ လူတွေဟာ သူတို့ မကြိုက်တဲ့ ကိုယ်ခန္ဓာ အစိတ်အပိုင်းကို ကျွမ်းကျင်တဲ့ ဆရာဝန်တွေနဲ့ ခွဲစိတ်ပြီး

**ဘုရား ဖန်ဆင်းထားတဲ့ ကိုယ်ခန္ဓာကို လိုတိုး ပိုလျော့ လုပ်ပြီး သူတို့လိုချင်တဲ့ စိတ်ကြိုက်ပုံစံရအောင် ပြောင်းလဲ နေကြတာကို တွေ့ရပါလိမ့်မယ်။**

ဒါဟာ ဘုရားသခင်ကို များစွာစိတ်ထိခိုက်စေပါတယ်။ ဒါ့အပြင် ဒီလို တိုးတက်ထွန်းကားနေတဲ့ သိပ္ပံခေတ်ကြီးမှာ ပညာရှင်တွေက ကမ္ဘာလောကကြီးကို ပုံစံအမျိုးမျိုး ပြောင်းလဲနေကြပါတယ်။ ဧသယနာကျမ်း ၇း၂၉ မှာ "ငါတွေ့သော အရာတစ်ခု ဟူမူကား ဘုရားသခင်သည် လူကို ဖြောင့်မတ်စေခြင်း ဖန်ဆင်းတော်မူသော်လည်း လူတို့သည် များပြားသော အကြံအစည်တို့ကို ရှာဖွေကြံစည်ကြပြီ။" လို့ရေးထားတာကို တွေ့ရပါတယ်။

ကျွန်မတို့ လူသားတွေမှာ အပြစ်တွေနဲ့ ပြည့်နှက်နေပေမဲ့ ဘုရားသခင်က လူသားတွေကို ခွင့်လွှတ်ချစ်နေဆဲပါ။ ရောမ ၅း၈ "ငါတို့သည် ဒွေးမြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့အတွက်ကြောင့် အသေခံ တော်မူသည်ဖြစ်၍ ဘုရားသခင်သည် ငါတို့ကို အဘယ်မျှလောက် ချစ်တော်မူသည်ကို ငါတို့အား ထင်ရှားစွာပြတော်မူ၏။" ဟာလေလုယာ ——

အဲဒါကြောင့် ကျွန်မတို့ အယောက်ဆီတိုင်း အံ့သြဘွယ်ရာ ကောင်းတဲ့ ဘုရားသခင့်ရဲ့ မေတ္တာတော်ကို ခံစားနားလည်ပြီး တန်ဖိုးထားသင့်ပါတယ်။ မိမိရဲ့ အသက်တာကို ပြန်လည်ဆန်းစစ်ပြီး ကျောက်ခဲလို မာကျောနေတဲ့ နှလုံးသားတွေကို အံ့သြဘွယ်ရာကောင်းတဲ့ သခင့်မေတ္တာတော်နဲ့ နူးညံ့သိမ်မွေ့တဲ့ နှလုံးသားအဖြစ်သို့ ပြောင်းလဲ လိုက်ကြပါစို့ ။ ။

**[ ရွှန်ကေးလေး ]**

ယခင်စာ: ၂-၂၆

# သံသယရှိသူ ဇာခရိ



ခင်ဗျားတို့ကို ကျုပ်ရဲ့ အကြောင်း ပြောပြရမယ် ဆိုရင် ကျုပ်နာမည်ကို ဇာခရိ လို့လူတွေသိကြတယ်။ ယုဒပြည်ကို အစိုးရတဲ့ ဟေရုဒ်မင်းကြီး လက်ထက်မှာ ကျုပ်ဟာ အဘိယ အသင်းဝင် တစ်ယောက်ဖြစ်ပြီး ဘုရားသခင်ရဲ့လူ ရယ်လို့ လူတွေက သတ်မှတ်ကြတဲ့ ယဇ်ပုရောဟိတ် တစ်ပါးပေါ့။

ကျုပ်မှာ အာရုန်အမျိုး ဖြစ်တဲ့ ဧလိရှဗက် လို့ခေါ်တဲ့ ဇနီးရှိတယ်။ ကျုပ်တို့ လင်မယား နှစ်ယောက်ဟာ ရှေ့သွားနောက်လိုက် အရမ်းညီတယ်။ ယဇ်ပုရောဟိတ် တစ်ယောက်အနေနဲ့ ဘုရားရှင်ကပေးတဲ့ ပညတ်ချက် အမျိုးမျိုးကို ကျင့်ဆောင်ရတဲ့အခါ သူလည်း ပါရမီဖြည့်ဘက် ပီသပါတယ်။ ဒါ့ကြောင့်လည်း ကျုပ်တို့ နှစ်ယောက်က ဘုရားရှင်ရဲ့ ရှေ့မှာ အပြစ်တင်ခွင့်နဲ့ ကင်းလွတ်ပြီး ဖြောင့်မတ်ခြင်း ပါရမီနဲ့ ပြည့်စုံကြတဲ့ လင်မယားနှစ်ယောက်လို့ ပြောရင် မမှားဘူးလို့ ထင်မိတယ်။ ဒါပေမဲ့ဗျာ၊ ကျုပ်တို့လင်မယားနှစ်ယောက်က ဘုရားရှင်ရဲ့ ရှေ့မှာ ပြည့်စုံနေတဲ့ကြားထဲက ကြီးမားတဲ့ ချို့ယွင်းချက်တစ်ခု ရှိနေကြတယ်။ ပြောပြရမှာတောင် အားငယ်မိတယ်။ ကျုပ်တို့နှစ်ယောက်က အသက်ကြီးပြီး အိုမင်းနေတဲ့ လင်မယား ဖြစ်နေတဲ့ အပြင် ဧလိရှဗက် က ကလေး မမွေးနိုင်တဲ့ အမြုံမ တစ်ယောက်ဖြစ်နေတာကြောင့် အခုချိန်အထိ ကျုပ်မှာအမွေပေးစရာ သားသမီး တစ်ယောက်မှ မရှိခဲ့ပါဘူး။ ဒါဟာ ကျုပ်အတွက် အားမရဆုံးနဲ့ အဲကော်ဆိုးဝါးတဲ့ ချို့ယွင်းချက် တစ်ခုဘဲဗျာ၊ ဘုရားရှင်နဲ့ စကားပြောတဲ့အခါ တိုင်း သားဆုပန်ခဲ့ပေမဲ့လည်း မရတွက်နိုင်တော့ ပါဘူး။ ဒါပေမဲ့ အသက်သာကြီးလာခဲ့တယ် ဘာမှ မထူးခြားလာပါဘူးဗျာ။

ဒီနေ့တော့ ဘုရားရှင်ရဲ့ ရှေ့မှာ အမှုဆောင်ရွက်ဖို့ ကျုပ်ရဲ့ အသင်းက တာဝန်ကျတယ်။ အသင်းဝင် တစ်ယောက်ဖြစ်တဲ့ ယဇ်ပုရောဟိတ် ကျုပ်မှာလည်း တာဝန်တွေရှိနေတာပေါ့။ ဒီကြားထဲ စာရေးတံချပြီး မဲနှိုက်တော့ လဲ ကျုပ်က သန့်ရှင်းရာ ဌာနထဲဝင်ပြီး နံ့သာပေါင်းကို မီးရှို့ပြီး ပူဇော်ရမယ်တဲ့ဗျာ။ တောင်းလိုက်တာ။ စဉ်းစား ကြည့်လေ၊ ယဇ်ပုရောဟိတ်ချင်း တူတာတောင်မှ တခြားသူတို့က ဗိမ္မာန်တော် အပြင်ကဘဲ ဆုတောင်း နေရတဲ့အချိန်မှာ ကျုပ်က ဗိမ္မာန်တော်အတွင်းထဲဝင်ပြီး ဘုရားသခင်နဲ့ အနီးဆုံးနေရာမှာ ရှိနေရတာ အခွင့်ထူး တစ်ခုကို ခံစားရတာပေါ့ဗျာ။

ကျုပ်လဲ ဝတ္တရားရှိတဲ့အတိုင်း နံ့သာပေါင်းကိုမီးရှို့ပြီး ပူဇော်စရာရှိတာတွေ လုပ်ဆောင်စရာရှိတာတွေကို လုပ်နေတာပေါ့။ အဲဒီအချိန်မှာ "မြနီး" ဆို ယဇ်ပလ္လင်ရဲ့ ညာဘက်ကနေ ကောင်းကင်တမန်တစ်ပါး ပေါ်လာပြီး ရပ်နေတာ မြင်လိုက်ရတယ်။ အမယ်လေး ... လန့်လိုက်တာဗျာ။ ကျုပ် ဘာများ အမှားလုပ်မိသလဲလို့ အပြေးအလွှား စဉ်းစားလိုက်မိတယ်။ "ဘုရားရှင်၊ အမှားပါသွားရင်၊ ခွင့်လွှတ်တော်မူပါ" လို့ ဆုတောင်းနေမိတယ်။

ဒါပေမဲ့ ကောင်းကင်တမန်က "ဇာခရိ ကြောက်ရွံ့ခြင်း မရှိနှင့်။ သင်ပြုသော ပဌနာကို နားခံတော်မူပြီ။ သင်၏ ခင်ပွန်း ဧလိရှဗက် သည်၊ သားယောက်ျားကို ဘွားမြင်လိမ့်မည်။ ထိုသားကို ယောဟန် အမည်ဖြင့် မှည့်ရမည်။ သင်သည် ဝမ်းသာ ရွှင်မြူးခြင်း ရှိလိမ့်မည်။ ထိုသားကို ဖွားမြင်သောကြောင့် လူအများတို့သည်လည်း ဝမ်းမြောက်ခြင်းသို့ ရောက်ကြလိမ့်မည်။ " လို့ပြောနေတယ်။

မဖြစ်နိုင်ဘူး။ ကျုပ် မယုံဘူး။ ခင်ဗျားဘဲ စဉ်းစားကြည့်လေ။ ကျုပ်က အိုနေပြီ။ ဧလိရှဗက်ကလည်း အမြုံမ။ ကလေး ရမယ်ဆိုရင် ဟိုး အရင်ကတည်းက ရနေပြီပေါ့။ အခုချိန်မှ ရမယ် ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။ ဒါနဲ့ ကျုပ်လည်း မဖြစ် နိုင်ဘူးဆိုတဲ့ အကြောင်း ကောင်းကင်တမန်ကို ရှင်းပြလိုက်တယ်။ ကျုပ်မယုံဘူး လို့လဲ ပြောလိုက်တယ်။

ဒါပေမဲ့ ... ကျုပ်မှားသွားပြီဗျာ။ ကောင်းကင်တမန်က သူဟာ ဘုရားသခင့် အထံတော်မှာ ခစားနေတဲ့ 'ဂါဗြေလ' တဲ့၊ ဒီဝမ်းမြောက်စရာ စကားကို ပြောဖို့ ဘုရားသခင်က စေလွှတ်လိုက်တာတဲ့။ အခု သူပြောတာကို ကျုပ် မယုံတဲ့အတွက် ကျုပ်ရဲ့ သား မမွေးမချင်း စကားမပြောနိုင်ဘဲ 'အ' လျက်နေရလိမ့်မယ်လို့ ပြောပြီး ထွက်သွားပါတယ်။ ကျုပ်လေ ဘာဖြစ်တာလဲ၊ ဘာတွေကြုံခဲ့သလဲ ဆိုတာကို လူတွေကို ပြန်မပြောပြနိုင်လောက်အောင် ဖြစ်သွားပြီ။ "ကျုပ် ကလေး ရတော့မယ်ဗျာ" လို့ ဝမ်းမြောက်စွာ မကြွေးနိုင်လောက်အောင် စကား အ သွားခဲ့ပြီ၊ ကျုပ် မှားသွားပြီဗျာ။

ဒီနေ့ဟာ ကောင်းကင်တမန် ပြောသွားတဲ့ သတင်းစကား ပြည့်စုံမဲ့နေ့ဘဲ၊ မင်္ဂလာရှိလိုက်တာ။ ကျုပ်လေ သားတစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရတဲ့ အဖေ ဖြစ်တော့မယ်။ အမွေပေးစရာ ကျုပ်မှာ သားတစ်ယောက် ရှိသွားပြီ။ ဒီနေ့ဟာ ကျုပ်ရဲ့ အပျော်ဆုံးနေ့လို့ ပြောရင် မမှားနိုင်ဘူး။

အခုဆိုရင် သားလေး မွေးပြီးတာ ရှစ်ရက်မြောက်လို့ ထုံးစံရှိတဲ့အတိုင်း အရေဖျားလှီးခြင်း မင်္ဂလာကို ပေးကြတော့မယ်။ ကျုပ်လေ သားလေးအတွက် ကောင်းကင်တမန် ဂါဗြေလ ပြောတဲ့အတိုင်း 'ယောဟန်' လို့ နာမည်ပေးပါလို့ လူတွေသိအောင် သင်ပုန်းပေါ်မှာ ရေးပြလိုက်တယ်။ အဲဒီလိုမှ မလုပ်ရင် သူတို့က တခြား နာမည်တွေ ပေးကြမှာ စိုးရိမ်မိတယ်။ လူတွေက ဘာဖြစ်လို့ ဒီနာမည်ကို မှည့်ကြတာလဲလို့ နားမလည် နိုင်စွာနဲ့ ငိုင်းကြည့်နေတဲ့ အချိန်မှာဘဲ၊ အိုး ... ကျုပ် နှုတ်က အသံထွက်လာပြီ၊ ကျုပ် စကား ပြန်ပြောနိုင်ပြီ၊ ပျော်လိုက်တာဗျာ။ အခုမှဘဲ ကျေးဇူးတော်ကို အသံထွက်ပြီး ချီးမွမ်းရတာ ဟာကယ်အရသာ ရှိလိုက်တာဗျာ။

မိတ်ဆွေ ... ကျုပ်အဖြစ်ကို ကြည့်ပြီး သင်ခန်းစာ ယူလိုက်စမ်းပါ။ ကျုပ်ဟာ ဘုရားရှင်ပြင်ဆင်ပေးလို့ ကောင်းချီး ခံစားရဖို့ ဖြစ်ပါလျက်၊ မယုံမိလို့ ကျုပ် ဘဝအတွက် ဘုရားရှင်က ပေးတဲ့ ကောင်းချီးမင်္ဂလာတွေကို သူများတွေဆီ မဝေမျှ မပြောပြနိုင်လောက်အောင် အခွင့်အရေးတွေ ဆုံးရှုံးခဲ့ရတယ်။ ဒါဟာ ဘုရားရှင်ကို မယုံမိခဲ့လို့ ပြန်ပေးရတဲ့ အဖိုးအခဘဲဖြစ်တယ်။ အခုတော့ ကျုပ် ကောင်းကောင်းကြီး နားလည်သွားပြီ။ ကိုယ့်ရဲ့ မဖြစ်နိုင်ပါဘူး ဆိုတဲ့ အခြေအနေပေါ်မှာ အားကိုးယုံစားနေမယ် ဆိုရင်တော့၊ ဘုရားကပေးတဲ့ ကောင်းချီးမင်္ဂလာတွေကို အတားအဆီး ဖြစ်စေနိုင်တယ်။ ဒါ့အပြင် ကိုယ်က မယုံပေမဲ့ အချိန်တန်ရင် ပြည့်စုံလာမဲ့ ကောင်းချီးမင်္ဂလာ ကတိတော် အတွက် ပေးဆပ်ရမဲ့ အဖိုးအခဆိုတာလဲ ရှိသေးတယ်ဆိုတာကိုလည်း နားလည်လိုက်တယ်။

ကျုပ် ဗျာ။ သင်ခန်းစာ ကောင်းကောင်းရသွားပြီ။ ဘုရားရှင်ကို မယုံခြင်းကြောင့် အခွင့်အရေးတွေ ဆုံးရှုံးသွားတဲ့သူ မဖြစ်အောင် ဘုရားရှင်က ပြောလာတဲ့ ကတိတွေအပေါ် ကိုယ့်ရဲ့ အခြေအနေအပေါ် ပြန်ကြည့်ပြီး လက်ခံတာထက် ဘုရားက ပေးလာတဲ့အတိုင်း လက်ခံတဲ့သူ ဖြစ်ဖို့ ပြင်ဆင်ကြိုးစားတော့မယ်လို့ ဆုံးဖြတ် လိုက်ပါပြီ။ မိတ်ဆွေ ခင်ဗျားကရော ... ... ...

[ မေစန္ဒာ ]



# ရှင်သန်ခြင်း၏ အဓိပ္ပါယ်

ဝရံတာပတ်ခါးကို တွန်းဖွင့်လိုက်သည်နှင့် ညသိပ်လေ တို့က သူမထံသို့ တိုးဝင်ရောက်လာကြသည်။ အမှန်ဖြစ်သင့် သည်မှာ ညနက်လေ သာဖြစ်သော်လည်း တစ်ညလုံး တခါးပိတ်ထားသဖြင့် ထိုလေများက သူမ ထံသို့ ရောက်မလာနိုင်ခဲ့ပါ။ ထိုလေ တို့အား အပြင်ဘက်၌ ညသိပ်ခံထားရသော လေအဖြစ်သာ သူမ ယူဆထားပါသည်။


အပြာရောင် ဆေးသုတ်ထားသော ဝရံတာ လက်ရမ်းသည် မြေပြင်မှ ပေ ၄၀ကျော် မြင့်မားသည်။ ထိုဝရံတာ လက်ရမ်းသို့ ချဉ်းကပ်ရင်း သူမထက် ပေ ၄၀ကျော် နိမ့်သော အရာဝတ္ထုများအား တခါတလေ ငုံ့ကြည့်မိသလို ဟိုး ... ခပ်ဝေးဝေးမှ ခေါင်းလောင်းသံကိုလဲ နားစွင့်နေလေ့ရှိပါသည်။ အစပိုင်း၌ ဝရံတာ၏ အစွန်းတွင် သွားရပ်နေရန် သူမ စိတ်မဝင်စားခဲ့ပါ။ သို့သော် သူမ၏ ခါးသီးသော ဘဝနေ့ရက်များ၏ ဒဏ်ကို မခံမရပ်နိုင်သောအခါ ညည့်နက်သန်းခေါင် အချိန်၌ ဝရံတာတွင် တစ်ယောက်တည်း ထွက်ရပ်တတ်သည့် အလေ့အထတစ်ခု သူမ ရရှိလာခဲ့သည်။ ညစဉ်ဆက်တိုက် ထိုဝရံတာ အပြင် ဘက်သို့ ပုံမှန် ထွက်ရပ် ဖြစ်စေရန် ခေါ်ဆောင်ပေးခဲ့သည့် အကြောင်းရင်းမှာ အိမ်အတွင်းတွင်ရှိနေသော သက်ရှိသတ္တဝါအားလုံး၏ ရှေ့မှ ရှောင်ပြေးလိုသော စိတ်ဆန္ဒဖြစ်ပါသည်။

ဝရံတာ ၌ တစ်ယောက်တည်း ထွက်ရပ်နေသော အချိန်သည် ရင်းတို့နှင့် ဝေးကွာနေသော အချိန်ဖြစ်သလို ရင်းတို့အား မေ့လျော့ ထားနိုင်သော အချိန် လည်းဖြစ်သည်။ ထိုအချိန်သည် တခဏပင် ဖြစ်ပါစေ၊ ထိုတခဏအချိန်သည် သူမအတွက် ခြေလှမ်းပေါင်းများစွာ ထမ်းလာရသော ပုခုံးထက်မှ လေးလံသည့် ဝန်ထုပ်ကြီးများကို ချ၍ အမောဖြေလိုက်ရသူပမာ ပေါ့ပါးလွတ်လပ် သွားမြဲ ဖြစ်ပါသည်။ သို့သော် တစ်ခု ဝမ်းနည်းစရာ ကောင်းသည်မှာ ထိုပေါ့ပါး လွတ်လပ်မှု၏ နောက်ကွယ်၌ လေးလံ ကျပ်တည်းမှုများစွာက သူမ အိပ်ခန်းတွင်းသို့ ပြန်ဝင်လာမည့် အချိန်ကို တိတ်ဆိတ်စွာ စောင့်ဆိုင်း နေကြခြင်းဖြစ်သည်။

အသက် တစ်ဆယ့်နှစ်နှစ်သာ ရှိသေးသည့် သူမသည် အရွယ်နှင့် မလိုက်အောင် ကြမ်းတမ်းသည့် ဘဝ၏ ရက်စက်သော ဖိစီးမှုများကို ခံစားနေရပါသည်။ သူမ မှတ်မိတတ်သော အရွယ်မှာပင် သူမအတွက် အဖေဟု ခေါ်ရမည့် လူသားဖခင်ကို မမြင်ဖူးခဲ့သလို သူမ ငါးနှစ်သမီးအရွယ်မှာပင် သူမ သိပ်ချစ်သော မိခင်သည်လည်း ငှက်ဖျားရောဂါနှင့် ဆုံးပါးသွားခဲ့ပါသည်။ ထိုအချိန်မှစ၍ သူမ၏ ဘဝသည် မြို့ပေါ်မှ ချမ်းသာသော မိသားစုတစ်စု၏ မွေးစားခြင်းကို ခံခဲ့ရပါသည်။ မွေးစား သမီးဟု အသိအမှတ်ပြုခြင်း ခံရသော်လည်း အမှန်စင်စစ် သူမသည် ထိုမိသားစု၏ အခိုင်းအစေမျှသာ ဖြစ်ပါသည်။ နံနက်နေထွက်ချိန်မှ နေဝင် မိုးချုပ်ချိန်အထိ ထိုတစ်မိသားစုလုံး၏ ဝေယျာဝစ္စကို မနားတမ်း လုပ်ပေးနေရပါသည်။

"ဒယ်ဒီ မာမီ" ဟု သူမ ခေါ်ခွင့်ရသော သူတွေသည်လည်း သူမကို ညှာတာသနားခြင်း အရိပ်အယောင်မျှပင် မပြခဲ့ပါ။ သူမကို ခိုင်းစရာရှိလျှင် " လာခဲ့စမ်း ကောင်မလေး" ဟူ၍ မိုးခြိမ်းသံကဲ့သို့ အော်လေ့ရှိသော ဒယ်ဒီ၊ " နင့်ကို ကောင်းကောင်း မွန်မွန်ကျွေး ထားတာ ငါတို့ ကျေးဇူးကိုမေ့ဖို့ မကောင်းဘူး" ဟု အမြဲတမ်း ပြောတတ်သော မာမီ ၊ အဆိုးဝါးဆုံးမှာ သူတို့၏ သား သမီး ငါးယောက်စလုံး သူမအပေါ် စက္ကန့်တိုင်း နည်းမျိုးစုံဖြင့် အနိုင်ကျင့်လိုမှုကြောင့် သူမ ခံနိုင်ရည် မရှိတော့ဘဲ သူတို့နှင့်ဝေးရာသို့ ထွက်ပြေးတော့သည်။ သို့သော် သူမ အလွန်ဆုံး အဝေးဆုံး ပြေးနိုင်သောနေရာမှာ တံခါးပိတ်လိုက်သည်နှင့် အိမ်မကြီးနှင့် အဆက် အသွယ် ပြတ်တောက်သွားသည့် ဝရံတာ သို့သာ ဖြစ်သည်။

သူမ၏ ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသော မျက်ရည်ပူများကို လက်ဖဝါးဖြင့် သုတ်လိုက်ရင်း ဝရံတာ၌ သူမ အချိန်တော်တော်ကြာအောင် ရပ်နေမိသည်ဟု သတိထား လိုက်မိသော အချိန်မှာပင် ဟိုး – ဝေးဝေးမှ သာယာငြိမ့်ညောင်းသော ခေါင်းလောင်း သံလေးကို ကြားလိုက်ရပါသည်။ ထိုသာယာသော ခေါင်းလောင်းသံလေး၏ ဆွဲဆောင်မှု နောက်ကို အပြီးတိုင် လိုက်ပါလိုသော ဆန္ဒကြောင့် ဆုံးဖြတ်ချက်တစ်ခု ချရင်း ခေါင်းလောင်းသံနှင့် နီးရာဆီသို့ ခြေလှမ်း မှန်မှန်နှင့် လှမ်းလာခဲ့ပါသည်။



သူမ ၏ ထောင်ပေါင်းများစွာသော ခြေလှမ်းများ၏ အဆုံးတွင် အုတ်နံရံနှင့် ကာရံထားသည့် အဆောက်အဦးတစ်ခုဆီသို့ရောက်လာခဲ့ပါသည်။ အဝင်ဝတွင် ထိုအဆောက်အဦး၏ အမည်ကို ရေးထွင်းထားသော ဆိုင်းဘုတ်အပြာကိုတွေ့ရပါသည်။ " ကကြီး ခခွေး" နှင့် ရေးသားထားသော မြန်မာ အက္ခရာကို မြင်ဖူးသော်လည်း စာမသင်ခဲ့ဖူး၍ ထိုအဆောက်အဦး၏ အမည်ကို သူမ မဖတ်တတ်ပါ။ ထိုဆိုင်းဘုတ်ကို လှမ်းကြည့်နေဆဲမှာပင် အဖြူရောင်ဝတ်စုံ ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦး သူမထံ ချဉ်းကပ်လာကာ နူးညံ့သော အသံဖြင့် " ဘာအကူအညီ လိုချင်လို့လဲကွယ်" ဟု မေးလိုက်ပါသည်။ သူမ ဖြေဆိုရန်စကားလုံး ရှာနေစဉ်မှာပင် အရွယ်စုံကလေးသူငယ်များ အဆောင်အသီးသီးမှ ထွက်လာကြပြီး ဘုရားကျောင်းထဲသို့ ပျော်ရွှင်စွာဝင်ရောက်သွားသည်ကို သူမ တွေ့လိုက်ရပါသည်။ ထိုကလေးသူငယ်များကို ငေးကြည့်နေသော သူမအား အမျိုးသမီးကြီးက ထိုအဆောက်အဦးသည် မိဘမဲ့ဂေဟာ ဖြစ်ကြောင်း နှင့် ယခု မိဘမဲ့ကလေးများ နံနက်ဝတ်ပြုခြင်း စည်းဝေးတက်ရောက်ဖို့ ရောက်လာကြခြင်းဖြစ်ကြောင်း ရှင်းပြပါသည်။

ထိုအမျိုးသမီး၏ နောက်သို့ လိုက်ပါလျက် ဝတ်ပြုရာအခန်းတွင်းသို့ သူမ ရောက်လာသည့်အခါ တစ်ခါမှ မရခဲ့ဖူးသော နွေးထွေးမှုကို ဘဝတူ ကလေးငယ်များထံမှရင်း မိဘမဲ့ ဂေဟာအား ကြီးကြပ်တာဝန်ယူနေကြသော "ဖေဖေ၊ မေမေ" ဟု နောင်တွင် သူမ ခေါ်ခွင့်ရမည့် မေတ္တာရှင် ဆရာဆရာမများထံမှရင်း ရှိခဲ့ပါသည်။

ဘဝတွင် ကြင်နာမည့်သူ တစ်ဦးတစ်ယောက်မှ မရှိခဲ့ပါက ရှင်သန်ခြင်း၏ အဓိပ္ပါယ်ကို မည်သို့ရှာဖွေနိုင်မည်နည်း။

* ငါသည့်သင်တို့ကို မကျိုးနည်းစေခြင်းငှာ ကြံစည်သော အကြံအစုတ်တဲ့ သင်တို့သည် မြော်လင့်သော အကျိုးကို ရမည့်အကြောင်း ငြိမ်သက်ခြင်းငှာသာ သင်တို့အဖို့ ကြံစည်သော အကြံတို့ကို ငါသိ၏။ ယေရမိ ၂၉း၁၁

* စင်းရဲသော သူ၏အသံကို ထာဝရ ဘုရားသခင်သည် နားထောင်၍ စစ်သိမ်းသော စင်းရဲ သူတို့ကို မထီမဲ့မြင်ပြုတော်မမူ၏။ ဆာလံ ၆၉း၃၃

* ကိုယ့်မိဘတို့သည် ငါ့ကိုစွန့်ပစ်သော်လည်း ထာဝရ ဘုရားသည် ချီပင့်တော်မူမည်။ ဆာလံ ၂၇း၁၀

ထို ကျမ်းချက်များသည် အမှန်စင်စစ် သူမ၏ ဘဝရှင်သန်မှုအတွက် အခြေခံ အုတ်မြစ်များအဖြစ် ထိုက်တန်စွာ သူမ ရရှိလိုက်ပြီဖြစ်သည်။

သူမ ဘယ်သောအခါမှ သန်းခေါင်ယံအချိန်တွင် ဝရံတာအပြင်ဘက်သို့ ထွက်ရပ်ရန်အတွက် ဆန္ဒမရှိတော့ပါ။ အဘယ့်ကြောင့်ဆိုသော် သူမ၏ ဘဝသည် အဓိပ္ပါယ် ရှိသော ဘဝအဖြစ် ရှင်သန်နေပြီ ဖြစ်သောကြောင့်တည်း။

နံနက် အာရုံတက်ချိန်မှ ညနေ နေဝင်မိုးချုပ် အိပ်စက်အနားယူချိန်အထိ ကျေးဇူးတော်ကို အစဉ်ချီးမွမ်းလျက် ... ... ...

**နော်အေးမီထွန်း**

( အောက်တိုဘာ ၁ ရက် နေ့တွင် ကျရောက်သော ကလေးသူငယ်များနေ့ အတွက် အမှတ်တရ )

(၄)

သခင်စကား ၄-၂၆

## အခွင့်မရှိ

စ လိုက်သည်က အာရုံ မရ
အိပ်မက်ဆိုးဖြင့် ကိုယ့်ကိုယ်ကိုနှင့်
တွေ့ရာ မြင်ရာ ယုတ္တိမတန်
ဤကား ဤသို့၊ ထိုကား ထိုသို့
မသိရင်တော့ မေးပါတော့လား၊
လုပ်တော့ ခုတော့ ...
ယုတ္တိ နတ္ထိ ငါမြင်မိ
ငါ ဖြစ်လျှင်သာ ငါမှ ငါသည်
သင် သို့မဟုတ် လုပ်မည် ငါဟု
ထင်ရာ မြင်ရာ ရှုပ်ထွေးကာ
အစိုးမရ ဘာရုံညို့
ပြောဖို့ အားမာန် ဆွံ့အာ ပြန်
ရှောင်ရန် ဖြစ်လည်း ရှုံးမည့် ဟန်မို့
ရင်တွင်း ကျဉ်းကြပ် ခေါင်းတွင်း အုံ့လို့
တရား အားမာန် သွင်းပြန် ပြန်ရယ်
ငါသည် တောင်ပံ ရှိပုံ မညီသော
ဤသည် ကဲ့သို့ ထိုကဲ့သို့
မြင်မြင်သမျှ အားမာန် တင်းရ
ညည်းညျနေမှာ ကိုယ်တော် ကိုသာ
စင်စစ် ...
ဤသည့် လောက လူသား ဆိုရာ
မွေးရာမှ စ၊ ဖြစ်ကာစ သကား
မရှိသည်မှာ ကျမ်းစာ ဆိုခဲ့
သို့မှာ
ထိုသူ ဤသူ၊ ဤမှာ ထိုကား
ဖြစ်မှု ဖြစ်ရာ ဖြစ်မြင် စီရင်
ထိုးရာ လက်ညှိုး
အခွင့် သင့်မှာ ရှိသည် မဟုတ် ... ။
[ ရှူးဒါး ]

## ခေါ်... အမေအမေ (၂)

အမေ ...
ဝေလီ ဝေလင်း ၊ မနက်ခင်း မှာ
ထမင်း ကိုချက် ၊ ဟင်းကို ထည့်ရင်း
ရင်တွင်းတမ်းတ ၊ ထို – ခနွဲ
ကြက်တွန်သံလေး
လွမ်းမိသေးတယ် ။

အမေ ...
အိပ်၍ မရ ၊ ပင်ပန်း လှ၍
အတွေး ယာဉ်ကြော ၊ စိတ်ကို မျှောရင်း
မယောင်ယမ်း မှန်းဆ ၊ ထို – တစ်ညွှ
ချွေးပေါင်သံလေး
လွမ်းမိသေးတယ် ။

အမေ ...
ဆူသံ ဆဲသံ ၊ တညံ့ညံ့နဲ့
မတူမတန် ဆက်ဆံ ပြန်တာမို့
ရင်တွင်း နွမ်းလျ ၊ ဒီ – ဘဝ၌
ချစ်သူ့ အသံလေး
လွမ်းမိသေးတယ် ။

အမေ ...
ခန္ဓာပင်ပန်း
စိတ်ကြေနွမ်းလဲ
မခမ်းစမ်းရေ ၊ ဝတ်နေသူမို့
ဘုရားကျောင်းဆီ ၊ ခြေဦးတည်ရင်း
ပြောဖို့ ...
ခေါင်းလောင်းသံလေး
လွမ်းမိသေးတယ် ။
( SAW A. THAW )

## သာဓကတော်မြင်

* ယနေ့ ကျွန်ုပ်တို့ လူသားများ ဝတ်မှတ် နေကြပါ၏။
– အစာ အာဟာရ အတွက် မဟုတ်ပါ၊ ချစ်ခြင်းမေတ္တာ ကို ဝတ်မှတ်ခြင်း ဖြစ်ပါ၏။

* ယနေ့ ကျွန်ုပ်တို့ လူသားများ ဖာဝတ် အရှည်းစည်း ဖြစ်နေကြပါ၏။
– ကိုယ်ခန္ဓာ လုံခြုံဖို့ မဟုတ်ပါ၊ လူသားချင်း အလေးထား ကရုဏာဖို့ရန် ဖြစ်ပါ၏။

* ယနေ့ ကျွန်ုပ်တို့ လူသားများ အိမ်ယာမဲ့များ ဖြစ်နေကြပါ၏။
– နေစရာ အခန်း လိုအပ်၍ မဟုတ်ပါ၊ တစ်ဦးကို တစ်ဦး လက်မခံ၍ ဖြစ်ပါသည်။

*** ခရစ်တော်၌ ဤအရာများကို ဖျောက်ဖျက် ပေးတော်မူပါ။
( ငါသည် ဗွတ်သိပ်သောအခါ သင်တို့သည် ကျွေးကြ၏။ ငါသည် အဝတ်အရည်းစည်း ရှိသောအခါ သင်တို့သည် အဝတ်နှင့် ဖုံးလွှမ်းကြ၏။ မဿဲ ၂၅ း ၃၅ ၊ ၃၆ )
မဒလေး [ ဂျူလိုင် ]

ဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝဝ
((သခင့်စကား စေပါင်းချုပ်(၁) ထွက်နေပါပြီ။ ယခုအချိန်မှစ်ခြင်း အသင်းတော် စာကြည့်တိုက်တွင် ရရှိ နိုင်ပါသည်။))